မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

December 16 , 2024 | Volume 85 , Number 11

၁၆.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၆.၇၉ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၈၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၃.၂၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၇.၉၁ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၃၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၆၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၆၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တရုတ်နိုင်ငံသို့ တင်ပို့ရန် နှမ်းနက်နှင့် ပဲတီစိမ်းအဝယ်ကောင်းနေသောကြောင့် ဈေးမြင့်တက်လာ



တရုတ်နိုင်ငံသို့ တင်ပို့ရန်နှမ်းနက်နှင့်ပဲတီစိမ်းအဝယ်ကောင်းနေသောကြောင့် ဈေးမြင့်တက်လာကြောင်းပဲ၊နှမ်းကုန်သည်များထံကသိရသည်။

လက်ကျန်နည်းလာသည့် ကျွန်းစားတော်ပဲမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၈၅,၀၀၀ ပေါက်ဈေးဖြစ်လာပြီး စားသုံးမှုမြင့်တက်နေချိန်ဖြစ်သည်။

ပဲနှမ်းဈေးကွက်အတွင်း နှမ်းနက်နှင့် ပဲတီစိမ်းမှာ တရုတ်ကုန်သည်များ ဝယ်လိုအားကောင်းလာသောကြောင့်ဈေးမြင့်တက်လာကြောင်း၊နှမ်းနက်မှာ တရုတ်ပွဲတော်များ အတွက် ဝယ်လိုအားကောင်းနေခြင်းဖြစ်ပြီး ပဲတီစိမ်းမှာ ဈေးတန်းကြောင့် ဝယ်လိုအားကောင်းနေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းသုံး ကုလားပဲအုပ်စု အနည်းငယ် ပြန်လည်ဈေးမြင့်တက်လာသလို မြေပဲဆန်မှာလည်းနယ်စုံမှ အသစ်ဝင်ရောက်မှုများရှိနေသလိုဝယ်လိုအားနှင့် ရောင်းလိုအားမျှတနေချိန်ဖြစ်ကြောင်း၊ ကျွန်းစားတော်ပဲမှာလက်ကျန်နည်းလာပြီး တရုတ်နိုင်ငံမှ ကနေဒါစားတော်ပဲဝင်ရောက်မှုမရှိသဖြင့်ဈေးမြင့်တက်လာချိန်ဖြစ်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

“ နှမ်းနက်ဈေးမှာ တရုတ်အဝယ်ကောင်းတော့ ဈေးမြင့်တက်လာပါတယ်။ အက်ဆစ်လွတ်ရင် သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၇၀၀,၀၀၀ အထိ ဈေးကောင်းရလာပါတယ်။ ပြည်တွင်းသုံးကုလားပဲအုပ်စုလည်း အနည်းငယ်ဈေးပြန်တက်လာတယ်။ မြေပဲဆန်အသစ်တွေကလည်း တစ်နယ်ပြီးတစ်နယ်ဝင်နေသလို မြေပဲဆန်ဈေးတွေလည်း ကောင်းနေပါတယ်။ ကျွန်းစားတော်ပဲမှာလည်း လက်ကျန်နည်းလာတော့ အမြင့်ဈေး ဖြစ်လာပါတယ်” ဟု ၎င်းကပြောသည်။

ဒီဇင်ဘာ ၁၂ ရက်တွင်ပို့ကုန်မတ်ပဲ(ဟောင်း)တစ်အိတ်လျှင်ငွေကျပ် ၃၄၀,၀၀၀၊ မတ်ပဲ(အသစ်)တစ်အိတ်လျှင်ငွေကျပ်၃၀၀,၀၀၀၊ပဲစင်းငုံမှာပဲနှမ်းဈေးကွက်အတွင်း ဝင်ရောက်မှုမရှိ

သေးသော်လည်း နယ်ဈေးကွက်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။

ပဲတီစိမ်း(အညာ)တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ ပေါက်ဈေးရှိလာပြီး ဈေးမြင့်တက် အဝယ်သွက်နေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အဝယ်အေးနေရာ ဒီဇင်ဘာ ၁၂ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၀၇,၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးအနည်းငယ်မြင့်တက်လာရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၈၅,၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၁၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀-၈၉၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံမှာ အရောင်းအဝယ် ပြန်သွက်လာရာ ဒီဇင်ဘာ ၁၂ ရက် တွင် နှမ်းနက်(စမုန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၆၆၀,၀၀၀၊ အက်ဆစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၆၉၅,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၃၀,၀၀၀၊ နှမ်းဖြူ(ဗမာ-သစ်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၂၀,၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင်ငွေကျပ် ၃၂၅,၀၀၀ အသီးသီး ပေါက်ဈေးရှိနေရာ နှမ်းအမျိုးအစားအလိုက်တစ်အိတ်လျှင်ငွေကျပ် ၁၀,၀၀၀ကျော်ဆက်လက်မြင့်တက်လာကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၈ ရာခိုင်နှုန်းရရှိရန် ရည်မှန်းချက်ထား ဆောင်ရွက်နေ




ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၈ ရာခိုင်နှုန်းရရှိရန်ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က ပြောသည်။

ရန်ကုန်မြို့၊ အမျိုးသားကဇာတ်ရုံ၌ ပြုလုပ်သည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ ၃၃ ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ထည့်သွင်းပြော ကြားခဲ့ခြင်းဖြစ်သည်။

ရာဂီမုန်တိုင်းနှင့်နယ်မြေဒေသအခြေအနေများကြောင့် အချို့ကဏ္ဍများ၌ထိခိုက်မှုရှိခဲ့သော်လည်း ဧပြီလမှစက်တင်ဘာလအထိ ပထမခြောက်လကုန်ဆုံးချိန်တွင် GDP တိုးတက်မှုနှုန်း ၂ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ကြောင်း၊ အသင်းချုပ်အနေဖြင့် မူဝါဒဆိုင်ရာကိစ္စရပ်များတွင် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်ဖြစ်လာစေရန် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးနေခြင်းက များစွာ အထောက်အကူဖြစ်စေကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

ထို့နောက် အစည်းအဝေးတွင်အသင်း၏အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်ကနှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် ပြင်ပစာရင်းစစ် JF Group – Cer tified Public Accountants & Auditors ၏ စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားရှင်းလင်းခဲ့ပြီး နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုခြင်းနှင့် ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**Source : Popular News Journal**

## ၂၀၂၄-၂၀၂၅ ကြံကြိတ်ခွဲရာသီရောက်ပြီဖြစ်၍ သကြားစက်များ စတင်လည်ပတ်



ပြည်တွင်း၌ ကြံကြိတ်ခွဲရာသီမှာ နှစ်စဉ် ဒီဇင်ဘာလမှ ဧပြီလအထိဖြစ်ပြီး ၂၀၂၄-၂၀၂၅ ကြံကြိတ်ခွဲရာသီရောက်ပြီ ဖြစ်၍ သကြားစက်များစတင်လည်ပတ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းက သိရသည်။

"ကြံကြိတ်ခွဲရာသီက အခုစတင်ပြီဖြစ်လို့ သကြားစက်တွေလည်ပတ်နေကြပြီ။ လက်ရှိ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းအားလုံးနီးပါးမှာ သကြားစက်တွေလည်ပတ်နေပြီဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းက တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် ကြံကြိတ်ခွဲရာသီအတွင်း ကြံတစ်တန်ပေါက်ဈေးကိုလည်း ပြီးခဲ့သည့်နှစ်ကထက် ပိုပေးလာသည့်အတွက် တောင်သူများ ယခင်ကထက် အကျိုးအမြတ်ရှိလာကြောင်း သိရသည်။

"အခုမှ ကြံခုတ်နေတဲ့ကာလဆိုတော့အထွက်နှုန်းကို အတိအကျပြောလို့မရသေးဘူး။အထွက်နှုန်းကတော့ ကောင်းပါတယ်။ စက်တွေက ကြံတစ်တန်ဈေးကို မနှစ်ကထက်ပိုပေးလာတော့ တောင်သူတွေ အကျိုးအမြတ်ပိုလာတယ်လို့ဆိုရပါမယ်။ သယ်ယူပို့ဆောင်စရိတ်ကတော့ တောင်သူတွေဘက်ကကျခံရပါတယ်" ဟု မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းကတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း၌ သကြားစက်ပေါင်း ၂၃ ခုရှိပြီး ကြံတစ်ဧကလျှင် ပျမ်းမျှ ၃၈ တန်မှ ၄၅ တန်အထိ ထွက်လေ့ရှိကြောင်း ၊ ကြံကို စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့၌ အဓိကစိုက်ပျိုးကြကာ ရန်ကုန်တိုင်းဒေသကြီး၌လည်း အနည်းငယ်စိုက်ပျိုးမှုရှိကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## စားဖိုဆောင်သီးနှံဈေးကွက်သုံးသပ်ချက်

**ကြက်သွန်ဖြူ**




ကြက်သွန်ဖြူက ခုတစ်ပတ်မှာကြူကုတ်က ဈေးပြန်ကျပြီး ရှမ်းကြက်သွန်တွေကတက်ရိပ်ပြပါတယ်။ ကြူကုတ်က တစ်ပိဿာကို ၂၀၀၀ လောက်ပြန်ကျပြီး ရှမ်းကြက်သွန်က တစ်ပိဿာကို ၅၀၀ လောက်တက်လာတာ ဖြစ်ပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်မှာ ကြူကုတ်တစ်ပိဿာကို အရင်တစ်ပတ်က ၁၉,၀၀၀ ကျပ်နဲ့ ၂၀,၀၀၀ ကျပ်ကြားရှိရာကနေ ခုတစ်ပတ်မှာ ၁၈၀၀၀ ကျပ်ဝန်းကျင်ရှိလာတာဖြစ်ပါတယ်။

ရှမ်းကြက်သွန်ဖြူတွေဖြစ်တဲ့ ထူး ၂ က ၁၂,၅၀၀၊ ထူး ၃ က ၁၄,၀၀၀၊ ထူး ၄ က ၁၅,၀၀၀၊ ထူး ၅ က ၁၆,၀၀၀ ကျပ်ရှိပါတယ်။

ရှမ်းပြည်နယ်အောင်ပန်းကုန်စည်ဈေးကွက်မှာတော့ဈေးငြိမ်နေပါတယ်။အောင်ပန်းထူး၂ တစ်ပိဿာကို၁၂,၅၀၀ကျပ်၊ အောင်ပန်းထူး ၃ က ၁၃,၅၀၀ ကျပ်၊ အောင်ပန်းထူး ၄ က ၁၄,၅၀၀ ကျပ်ရှိပြီး အောင်ပန်းထူး ၅ တစ်ပိဿာကို ၁၅,၅၀၀ ကျပ်၊ ကြူကုတ်က ၂၁,၀၀၀ ကျပ်ရှိပါတယ်။

**ခရမ်းချဉ်**

ခရမ်းချဉ်သီးကတော့ နယ်အစုံကနေ ခူးဆွတ်နေပြီး ဈေးကွက်ထဲဝင်ရောက်နေပြီဖြစ်လို့ ဈေးတန်းကျလာနေပါတယ်။

ရှမ်းပြည်နယ်အောင်ပန်းကုန်စိမ်းဈေးကွက်မှာဆိုရင် ခရမ်းချဉ်သီးဂွတ်သီး တစ်ပိဿာကို ၃၅၀၀ ကျပ်၊ ခရမ်းချဉ်သီးရှယ်သီးက တစ်ပိဿာကို ၃၀၀၀ ကျပ်နဲ့ ခရမ်းချဉ်သီးတစ်ပိဿာ ၂၇၀၀ ကျပ်အထိ သာရှိပါတယ်။ တစ်ပိဿာကို ၄၀၀၀ ကျပ်လောက်အထိဈေးတွေကျသွားတာ ဖြစ်ပါတယ်။

**အာလူး**

အာလူးက ခုတစ်ပတ်ဘုရင့်နောင်မှာ ဈေးတန်းကျဆင်းသွားပါတယ်။ တရုတ်အာလူးက ပစ္စည်းအဝင်နည်းပေမဲ့လည်း ရှမ်းအာလူးတွေအဝင်ရှိနေတာကြောင့်ဈေးတန်းကျလာတာဖြစ်ပါတယ်။ရှမ်းပြည်အောင်ပန်းကုန်စည်ဒိုင်ဈေးကွက်မှာလည်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ပိတ်နေလို့ အာလူးဈေးကျနေပါတယ်။

ရန်ကုန် ဘုရင့်နောင်ဈေးကွက်မှာ တရုတ်အာလူးတစ်ပိဿာကို ၉၂၀၀ ကျပ်ရှိနေရာက ခုတစ်ပတ်မှာတော့ ၇၃၀၀ ကျပ်သာရှိတော့လို့ တစ်ပိဿာကို ၁၉၀၀ လောက်ပြန်ကျလာတာဖြစ်ပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ မျက်နီ S1/ OK က ၆၀၀၀ ကျပ် ၊ မျက်နီ OK က ၅၅၀၀ ကျပ်၊ မျက်နီ A1 က ၄၅၀၀ ကျပ်၊ A1ဆွဲမျက်နီက ၃၅၀၀ ကျပ် ရှိလာပြီး လုပ်ငန်းသုံးအကြော်သီးတွေဖြစ်တဲ့ မားကစ် S2/ S-1 နဲ့ မျက်နီ S-2 /S1 က ၆၅၀၀ မှ ၇၀၀၀ ကျပ်ဈေးပေါက်နေပါတယ်။ တစ်ပိဿာကို ၁၀၀၀မှ ၂၀၀၀ကျပ်နီးပါးအထိ ပြန်ကျလာနေတာဖြစ်ပါတယ်။

**မန်ကျည်းသီး**

ဒီနှစ်ပြည်တွင်းမန်ကျည်းသီးဈေးကွက်မှာ မန်ကျည်းသီးမှည့်ဝင်ရောက်မှုနည်းပြီးဝယ်လိုအားကောင်းတာကြောင့် မန်ကျည်းသီးဈေးနှုန်းက ဆက်တိုက်မြင့်တက်လာနေပါတယ်။

လက်ရှိ ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မန်ကျည်းသီး (ပွင့်ကပ်) အစေ့ပါ တစ်ပိဿာကို ၃၃၀၀ ကျပ်မှ ၃၅၀၀ ကျပ်ရှိပြီး အစေ့ထုတ်ပြီး မန်ကျည်းသီးအသား တစ်ပိဿာကိုတော့ ၉၅၀၀ မှ ၁၃,၀၀၀ ကျပ်အတွင်း ဈေးတန်းရှိလာတယ်လို့ သိရပါတယ်။

Source : https://htwettoe.com/

## ညှော့မထဆန်(မနေသုခ)(ဟောင်း)ဈေးကျ၍ ညှော့မထဆန်(မနေသုခ)(သစ်)၊ ဖွဲနုဈေးတက်ကာ ပေါ်ဆန်မွှေးဆန်နှင့်ဆန်ကွဲဈေးများတည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိပါသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့်ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ၆.၁၂.၂၀၂၄ရက်နေ့တွင်ညှော့မထဆန်(မနေသုခ)(ဟောင်း) တစ်အိတ် ၉၀,၀၀၀ကျပ်၊ ညှော့မထဆန်(မနေသုခ)(သစ်) တစ်အိတ် ၇၅၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၃၅,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ် ၅၈၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၄၈၀၀၀ကျပ် နှင့် ဖွဲနုတစ်အိတ် ၁၆,၈၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။

၁၃.၁၂.၂၀၂၄ ရက်နေ့တွင် ညှော့မထဆန် (မနေသုခ)(ဟောင်း) တစ်အိတ် ၈၅၀၀၀ကျပ်၊ ညှော့မထဆန်(မနေသုခ)(သစ်) တစ်အိတ် ၇၈,၀၀၀ ကျပ်၊ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၃၅.၀၀၀ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ် ၅၈,၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ် ၄၈,၀၀၀ ကျပ် နှင့် ဖွဲနုတစ်အိတ် ၁၇,၇၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ် ကာလတူနှိုင်းယှဉ်ချက်အရ ညှော့မထဆန်(မနေသုခ)(သစ်) တစ်အိတ် ၃၀၀၀ ကျပ်၊ ဖွဲနုတစ်အိတ် ၉၀၀ ကျပ်ဈေးတက်၍ ညှော့မထဆန်(မနေသုခ)(ဟောင်း) တစ်အိတ် ၅၀၀၀ ကျပ် ဈေးကျဆင်းကာ ပေါ်ဆန်မွှေးဆန်နှင့် ဆန်ကွဲဈေးများတည်ငြိမ်လျက်ရှိပါသည်။

ညှော့မထဆန်(မနေသုခ)(ဟောင်း) ဈေးကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြားလျက်ရှိနေပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းပြီး ညှော့မထဆန်(မနေသုခ)(သစ်)၊ ဖွဲနုဈေးများမြင့်တက်သွားခြင်းမှာ အဝယ်လိုက်လာခြင်းတို့ကြောင့်ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

https://myantrade.gov.mm/article/13.12.2024%201627

## ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမုတ် ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမုတ်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ်မှရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ်ပိဿာချိန် ၅၀,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ ငါးမုတ်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးမုတ်များကို ပြည်တွင်းဈေးကွက်တွင် ဝယ်ယူမှုကောင်းလာခြင်းကြောင့် တင်ပို့မှုကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ငါးမုတ်တွေက ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချမှုကောင်းလာခဲ့တာပါ။ ပြီးခဲ့တဲ့ နိုဝင်ဘာလက ငါးမုတ်ပိဿာချိန် ၈၀,၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ရန်ကုန်ဈေးကွက်ကို ဒီဘက်ကတင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့မှုကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးမုတ်တွေက လတ်ဆတ်မှုရှိပါတယ်။ကုန်တင်ပို့မှုကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေအဆင်ပြေနေတာတွေ့ရပါတယ်။ ဒီဘက်ဒေသထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်" ဟု ၎င်းကပြောပြသည်။

မြောင်းမြမြို့နယ်မှ ငါးမုတ်များအပါအဝင်ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## အနောက်ဘင်္ဂလားပြည်နယ်တွင် ယခုနှစ် အာလူးစိုက်ပျိုးမြေဧရိယာ ယခင်နှစ်ကထက် တိုးမြင့်လာဖွယ်ရှိ

အနောက်ဘင်္ဂလားပြည်နယ်တွင် ယခုနှစ် အာလူးစိုက်ပျိုးမြေဧရိယာသည် ယခင်နှစ်ကထက် တိုးမြင့်လာဖွယ်ရှိကြောင်းနှင့် နောင်လာမည့် ၁၀ ရက်အတွင်း အာလူးမျိုးချစိုက်ပျိုးခြင်းလုပ်ငန်းစဉ်များပြီးဆုံးမည်ဖြစ်ကြောင်းThe Hindu Businessline သတင်းဌာနက ဒီဇင်ဘာလ ၁၁ ရက်က ဖော်ပြသည်။

ပြည်နယ်တွင် အာလူးကိုတစ်နိုင်ငံလုံး၌ဒုတိယအများဆုံးထုတ်လုပ်ပြီး၊တောင်သူများအနေဖြင့် ယခုနှစ်တွင်ဈေးကောင်းများရရှိခဲ့သည့်အတွက် စိုက်ဧကများထပ်မံတိုးချဲ့စိုက်ပျိုးသွားဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

"ပြည်နယ်မှာ အာလူးမျိုးစိုက်ပျိုးခြင်းလုပ်ငန်းစဉ်က ၆၅ ၊ ၇၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ။ လာမည့် ၁၀ ရက်ခန့်အတွင်း လုပ်ငန်းစဉ်များ ပြီးဆုံးမယ်လို့ ခန့်မှန်းပါတယ်။ တောင်သူများအနေဖြင့် ဈေးကောင်းများရရှိကြတဲ့အတွက် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက စိုက်ဧက ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း တိုးတက်လာဖို့ရှိပါတယ်။ ယခင်နှစ်အတွက် သို့မဟုတ် ယခုနှစ်အစပိုင်းအတွက် ရိပ်သိမ်းထားတဲ့ အာလူးစိုက်တောင်သူများဟာဈေးကောင်းတွေရရှိထားပြီးပြည်နယ်တစ်ခုနှင့်တစ်ခုရောင်းဝယ်ဖောက်ကားမှုကန့်သတ်ချက်ကြောင့် စိုက်ပျိုးဧရိယာအပေါ်သက်ရောက်မှုရှိမှာမဟုတ်ပါဘူး"ဟုအနောက်ဘင်္ဂလားပြည်နယ်အအေးခန်းသိုလှောင်ရုံအသင်း၏ အကြီးတန်းအသင်းဝင်တစ်ဦးဖြစ်သော Patit Paban De က businessline သတင်းဌာနသို့ ပြောကြားခဲ့သည်။

Mamata Banerjee ဦးဆောင်သော အနောက်ဘင်္ဂလားပြည်နယ်အစိုးရသည် အာလူးကုန်လက်ကျန်နှင့် ဈေးနှုန်းကို ထိန်းသိမ်းနိုင်ရန် ပြည်နယ်တစ်ခုနှင့်တစ်ခု ရောင်းဝယ်ဖေါက်ကားမှုအား ကန့်သတ်ထားကြောင်းသိရသည်။

ပြည်နယ်အတွင်း ပျမ်းမျှအာလူးစိုက်ပျိုးမြေစုစုပေါင်း ဟက်တာ ၄ ဒသမ ၇ သိန်းခန့်ရှိကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အာလူးထုတ်လုပ်မှု တန်ချိန် ၁၀၀ သိန်းခန့်ရှိကြောင်း သိရသည်။

"Chandramukhi အာလူးမျိုးစိုက်ပျိုးမှုက ပြီးစီးပါပြီ။ လက်ရှိမှာ Jyoti အာလူးမျိုးများကို စိုက်ပျိုးလျက်ရှိပါတယ်။" ဟု Patit Paban De က ပြောကြားခဲ့သည်။

“အကယ်၍ ရာသီဥတုအခြေအနေပေးလျှင် စိုက်ဧကလည်း တိုးတက်လာတာဖြစ်သည့်အတွက် ယခုနှစ် အာလူး ထုတ်လုပ်မှုက တန်ချိန် ၁၂၀ သိန်းခန့်ရှိနိုင်ပါတယ်” ဟု ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: The Hindu Businessline, West Bengal likely to witness increase in area under cultivation for potato, sowing to be completed within 10 days, Kolkata, December 11**

**စီးပွားရေးသံမှူး၊ ကောလ်ကတ္တားမြို့။**

https://myantrade.gov.mm/article/Naypyitawstp_161220241158

## ငွေကြေးဖောင်းပွမှုတိုးလာခြင်းသည် ဒေါ်နယ်ထရမ့်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်

အမေရိကန်နိုင်ငံသည် ငွေကြေးဖောင်းပွမှုလျှော့ကျအောင် ဆောင်ရွက်လျက်ရှိသော်လည်း နိုဝင်ဘာလအတွင်း စားသုံးသူဈေးဆနှုန်းသည် ၂ ဒသမ၇ ရာခိုင်နှုန်းသို့ တိုးလာခဲ့ကြောင်း၊ စားသောက်ကုန်နှင့် စွမ်းအင်ဈေးနှုန်းမပါဝင်သည့် မော်တော်ယာဉ်မှ အစ ပရိဘောဂအသုံး အဆောင်များ အပါအဝင် စားသုံးကုန်စည်များ၏ ဈေးနှုန်းမြင့်တက်ခဲ့ရာ Core Inflation သည် နိုဝင်ဘာလတွင် ၀ ဒသမ ၃ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် သြဂုတ်လမှစ၍ ကုန်ပစ္စည်းများ၏ဈေးနှုန်းသည် ယခင်ဈေးနှုန်းအတိုင်း သို့မဟုတ် ဈေးနှုန်းကျဆင်းခဲ့ပြီးနောက် ယခုအခါဈေးနှုန်းများ ပြန်လည်မြင့်တက်ခဲ့ကြောင်း၊ ဒေါ်နယ်ထရမ့်က သွင်းကုန်အားလုံးကို အကောက်ခွန်တိုးမြှင့်ကောက်ခံမည်ဟု ပြောကြားလျက်ရှိရာ ၎င်းအစိုးရတာဝန်ယူပြီးနောက်တွင် ငွေကြေးဖောင်းပွမှု ပိုမိုမြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိကြကြောင်း သိရသည်။

စားသုံးသူဈေးဆနှုန်းမြင့်တက်လာခြင်းကြောင့် ဗဟိုဘဏ်က အတိုးနှုန်းလျှော့ချရန် မျှော်မှန်းလျက်ရှိကြပြီး ဗဟိုဘဏ်ကလည်း လာမည့်ရက်သတ္တပတ်များတွင် ပြုလုပ်မည့် အစည်းအဝေးများတွင် အတိုးနှုန်းကို ၀ ဒသမ ၂၅ ရာခိုင်နှုန်းလျှော့ချရန်ရှိကြောင်း၊ သို့ရာတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် လျှော့ကျခြင်းမရှိဘဲ လက်ရှိနှုန်းထားအတိုင်းသာဆက်လက်ရှိနေပါက အတိုးနှုန်းလျှော့ချမည့်အချိန် နှောင့်နှေးနိုင်ကြောင်း၊ အမေရိကန်စတော့ရှယ်ယာဈေးကွက်သည်လည်း ၁၁-၁၂-၂၀၂၄ ရက်တွင် မြင့်တက်ခဲ့ရာ Nasdaq Composite အညွှန်းကိန်းသည် ၁ ရာခိုင်နှုန်းကျော် အထိ ရှိခဲ့ကြောင်းသိရသည်။

စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။

https://myantrade.gov.mm/article/Naypyitawstp-161120241128

## ဗီယက်နမ်နိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုသည် ၁၁ လအတွင်း ၅၁ ဒသမ ၆ ရာခိုင်နှုန်းတိုးလာ

၂၀၂၄ ခုနှစ် ၁၁ လအတွင်း ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၁၅၁ ခု တွင် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အေဂျင်စီ၏ အဆိုအရ သိရသည်။

စုစုပေါင်းမှတ်ပုံတင်ထားသည့် မတည်ရင်းနှီးငွေသည် အမေရိကန် ဒေါ်လာ ၅၉၈ ဒသမ ၆၉ သန်းရှိခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် ၅၁ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၆ ခုတွင် ရင်းနှီးမြှုပ်နှံထားပြီး သိပ္ပံနှင့်နည်းပညာ ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂၀၀ ဒသမ ၅ သန်းဖြင့် ဦးဆောင်နေပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၃၃ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ကုန်ထုတ်လုပ်မှုနှင့် ပြုပြင်ခြင်းလုပ်ငန်းသည် အမေရိကန်ဒေါ်လာ ၁၀၈ ဒသမ ၇၆ သန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၈ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း၊ ၎င်းနောက်တွင် လျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးပေးစက်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၅၇ သန်းရှိကြောင်း ဖော်ပြထားပါသည်။

အခြားထင်ရှားသော ကဏ္ဍများမှာ သတ္တုတူးဖော်ခြင်းလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၆၇ သန်း (၁၀ ဒသမ ၁၃ ရာခိုင်နှုန်း)၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ခြင်းကဏ္ဍတွင် အမေရိကန် ဒေါ်လာ ၃၈ ဒသမ ၆၂ သန်း (၆ ဒသမ ၄ ရာခိုင်နှုန်း)၊ လက်လီ၊ လက်ကားနှင့် မော်တော်ကားပြုပြင်ရေး ဝန်ဆောင်မှုလုပ်ငန်းများပါဝင်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၁၁ လအတွင်း ဗီယက်နမ်နိုင်ငံ သည် နိုင်ငံပေါင်း ၃၁ နိုင်ငံ၌ ရင်းနှီးမြှုပ်နှံခဲ့ပြီး ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှု အများအပြားရှိသည့် အဓိကဈေးကွက်များမှာ လာအို၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ အမေရိကန်နှင့် နယ်သာလန်တို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

လာအိုနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၆၀ ဒသမ ၆၈ သန်းဖြင့် ဗီယက်နမ်နိုင်ငံ၏ ပြည်ပရင်းနှီး မြှုပ်နှံမှု စုစုပေါင်း၏ ၂၆ ဒသမ ၈၃ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း၊ အင်ဒိုနီးရှားသည် အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၇ သန်း (၂၂ ဒသမ ၉ ရာခိုင်နှုန်း)၊ အိန္ဒိယသည် အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၀၅ သန်း (၁၅ ဒသမ ၀၄ ရာခိုင်နှုန်း)၊ အမေရိကန်သည် အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၃၅ သန်း (၁၁ ဒသမ ၉ ရာခိုင်နှုန်း) နှင့် နယ်သာလန်သည် အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၆ သန်း (၉ ဒသမ ၁ ရာခိုင်နှုန်း)ရှိကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်အတွင်း ထင်ရှားကျော်ကြားသော ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ၏ ပြည်ပ စီမံကိန်းအချို့တွင် အိန္ဒိယ Tamil Nadu ရှိ Vin Fast ၏ လျှပ်စစ်ကားထုတ်လုပ်ရေး စက်ရုံ ပါဝင်ကြောင်း၊ ဟက်တာ ၁၆၀ ကျယ်ဝန်းသည့် အဆိုပါစက်ရုံသည် ၅ နှစ်အတွင်း ကနဦး ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဖြင့် စတင်ရန်စီစဉ်ထားကြောင်း ဖော်ပြထားပါသည်။

TH Group သည် ရုရှားတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ရူဘယ် ၁၉ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၉၀ ဒသမ ၉၃ သန်း) ဖြင့် နို့ထွက်ပစ္စည်း မွေးမြူခြင်းနှင့် ပြုပြင်ခြင်းပရောဂျက်ကို စတင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလကုန်အထိ ဗီယက်နမ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းပေါင်း ၁,၈၁၃ ခုရှိပြီး စုစုပေါင်း မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅၂ ဘီလီယံကျော်ရှိကြောင်း၊ အဓိကကဏ္ဍများမှာ သတ္တုတူးဖော်ခြင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၃ ဘီလီယံ (၃၁ ဒသမ ၃၂ ရာခိုင်နှုန်း)၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်း (အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၉ ဘီလီယံ၊ ၁၅ ရာခိုင်နှုန်း) နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး (အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၄ ဘီလီယံ၊ ၁၂ ဒသမ ၆ ရာခိုင်နှုန်း)တို့ပါဝင်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် လျင်မြန်စွာကြီးထွားနေပြီး ၎င်း၏ စီးပွားရေးလုပ်ငန်းများ၏ ကွဲပြားမှုများနှင့် နိုင်ငံတကာ ချဲ့ထွင်မှုလမ်းကြောင်းများကို ထင်ဟပ်စေကြောင်း ဖော်ပြထားသည်။

**Source: Viet Nam News**

**(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟနွိုင်းမြို့)**

https://myantrade.gov.mm/

## ဗီယက်နမ်-တရုတ် ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ နီးပါးရှိလာ

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံအကြား နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၈၅ ဒသမ၄ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး စံချိန်သစ်တင်ကာ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံ နီးပါးရှိကြောင်း အထွေထွေစာရင်းအင်းရုံး (GSO) ၏ ထုတ်ပြန်သော နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

အထူးသဖြင့် တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၂ ဘီလီယံရှိပြီး တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၁၃၀ ဒသမ ၂ ဘီလီယံရှိကြောင်း၊ နှစ်နိုင်ငံအကြား ပျမ်းမျှကုန်သွယ်မှု ပမာဏသည် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈ ဘီလီယံရှိကြောင်း ရေးသားဖော်ပြထားသည်။

ထိုသို့ ပို့ကုန်တိုးတက်မှုနှုန်းကိုဆက်လက်ထိန်းသိမ်းထားနိုင်မည်ဆိုပါက နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ယခုနှစ်တွင်နိုင်ငံ ပို့ကုန်စုစုပေါင်း၏ လေးပုံတစ်ပုံနီးပါးနှင့်ညီမျှသော စံချိန်သစ်ဖြစ်သည့် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံအထိ ရှိလာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လက်ရှိအချိန်ထိ ဗီယက်နမ်နိုင်ငံ၏ လယ်ယာထွက်ကုန်များသည် တရုတ်ဈေးကွက်သို့ အဓိကတင်ပို့နေသည့် ကုန်ပစ္စည်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ၁၀ လအတွင်း တရုတ်နိုင်ငံသို့ ဗီယက်နမ် နိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှု တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါး ရောက်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၁ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း ဖော်ပြထားသည်။

လက်ရှိအချိန်အထိ ဗီယက်နမ်နိုင်ငံမှ ဒူးရင်း၊ ငှက်သိုက်၊ ကန်စွန်းဥ၊ နဂါးမောက်သီး၊ လေချူသီး၊ ကြက်မောက်သီး၊ သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ငှက်ပျောသီး၊ ကျောက်ကျောမဲ၊ မင်းဂွတ်သီး၊ လိုက်ချီးနှင့် ပင်မှည့်သီးအပါအဝင် လယ်ယာထွက်ကုန် ၁၄ မျိုး တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့လျက်ရှိကြောင်း သိရသည်။

အဆိုပါပို့ကုန်များအနက် ဒူးရင်းနှင့်နဂါးမောက်သီးကဲ့သို့သောလယ်ယာထွက်ကုန်အများအပြားသည် တရုတ်စားသုံးသူများအကြား ရေပန်းစားလာကာဗီယက်နမ်မှတင်သွင်းမှုပမာဏမှာ အာဆီယံဒေသမှတင်သွင်းသည့် စိုက်ပျိုးရေးထွက်ကုန် စုစုပေါင်း၏ ငါးပုံတစ်ပုံ ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းရုံး (GSO)၏ အဆိုအရပြီးခဲ့သည့်နှစ်က နှစ်နိုင်ငံအကြား စုစုပေါင်းပို့ကုန်သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၉ ဘီလီယံရှိကြောင်း ဖော်ပြထားသည်။

**Source:** https://en.dangcongsan.vn

**(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟနွိုင်းမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (16.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,999 (Shares) | 14,146,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -200 | -2.38% | 8,300 | 8,300 | 8,200 | 564 | 4,631,800 | 33,109,694 | 271,500 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 602 | 1,896,300 | 38,929,150 | 122,627 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 50 | 410,000 | 10,400,986 | 85,288 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 601 | 1,171,950 | 29,664,613 | 57,846 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 600 | 1,800,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 927 | 1,544,650 | 19,977,223 | 33,961 |
| AMATA | 00007 | 4,300 | +0 | +0.00% | 4,300 | 4,300 | 4,200 | 550 | 2,362,000 | 10,497,598 | 45,140 |
| MAEX | 00008 | 3,200 | +100 | +3.23% | 3,100 | 3,200 | 3,100 | 105 | 330,000 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 16th Dec. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 387.56 | -2.25 | -0.58% | 389.81 | 389.81 | 386.37 | 3,999 | 14,146,700 | 8 | 731,008 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 16th Dec. 2024

| Trading Volume | Trading Value |
|---|---|
| 4,000 (Shares) | 14,149,950 (MMK) |

## Main Board

As of 1:00 pm, 16th Dec. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,999 (Shares) | 14,146,700 (MMK) |

| MYANPIX | 387.56 ▼ 2.25 |
|---|---|
| Total Volume (shares) | 3,999 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 731,008 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 200 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,300 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 100 |

TIR